
ဝန်ဇင်း
Read on the move
ဇေယနု
(ရာမည)
အောင်မြတ်သာနှင့်
လေးကျွန်းဘုရား

# အောင်မြတ်သာနှင့်လေးကျွန်းဘုရား

အောင်မြတ်သာတို့ ဆရာတပည့်တွေ ပဲခူးရိုးမတောထဲမှာ ကိန်းဝပ်စံပယ်နေတဲ့ ဘုရားဆင်းတုတော်ကို ရှာဖွေဖို့ ခရီးဆက်ခဲ့ကြတယ်။

ရာသီဥတုက ဆောင်းရာသီ အစဖြစ်တဲ့ အတွက် တောတောင်တစ်ခုလုံး မြူခိုးမြူ ငွေ့တွေ ဖုံးအုပ်နေပြီး ချမ်းစိမ့်တဲ့ အငွေ့အသက်တွေကို တောင်ခြေအရောက်မှာ စတင် ခံစားလိုက်ရတယ်။ ပဲခူးရိုးမတောရဲ့ ဘယ်နေရာမှာ ရှိမှန်းမသိတဲ့ ဆင်းတုတော်ကို ရှာဖွေဖို့ ဆိုတာ သာမန်လူတွေအနေနဲ့ ဘယ်လိုမှ မဖြစ်နိုင်ဘူး ဆိုတာကို သက်ခိုင် သဘောပေါက်ခဲ့တယ်။

ပဲခူးရိုးမတောထဲ စဝင်တဲ့ အချိန်မှာ တော့ အောင်မြတ်သာက

"ဒီခရီးက ရက်ဘယ်လောက် ကြာမယ် ဆိုတာ မသိဘူး ဒါကြောင့် ဆင်းတုတော်ကို ရှာမတွေ့မချင်း ဒီတောထဲမှာ နေရမယ်ဆိုတာ သိထားကြပါ၊ အရင်ဆုံး တောတောင်ထဲ ရောက်တာနဲ့ သက်ဆိုင်ရာ ပုဂ္ဂိုလ်အပေါင်းကို မေတ္တာပို့ပြီးသွားကြ၊ သူတို့ ရဲ့ အကူအညီတွေ အများကြီး လိုအပ်တယ်" လို့ မှာ ပြီး ရိုးမတောထဲကို စဝင်ခဲ့တယ်။

အောင်မြတ်သာတို့ တောအစပ်ကနေ တောနက်ထဲ တဖြည်းဖြည်း ရောက်တဲ့ အချိန်ထိ အန္တရာယ် တစ်စုံတစ်ရာ မကြုံရသေးဘူး၊ ဝါးပင်

တွေ ထူထပ်စွာ ပေါက်နေတဲ့ ကမူနေရာကို ရောက်တော့ အောင်မြတ်သာက

"ဒီနေရာမှာ ခဏနားရအောင် ရှေ့ဆက် ဘယ်လိုသွားရမယ် ဆိုတာကို လာပြောမယ့်သူ ရှိတယ်" လို့ ပြောပြီး ဝါးရုံပင်အောက်မှာ ကြွေကျနေတဲ့ ဝါးရွက်တွေပေါ်မှာ ထိုင်ချလိုက်တယ်။

အောင်မြတ်သာတို့ ခဏနားနေတဲ့ အချိန် ဝါးတောဘေးက လှိုဏ်ထဲကနေ တစ်ယောက်ယောက် လမ်းလျှောက်လာတဲ့ အသံကို ကြားလိုက်ရတယ်။ အသံနဲ့ အတူ စန္ဒကူးအနံ့တွေက ကြိုင်ပြီး ထွက်လာခဲ့တယ်။ ခဏနေတော့ လှိုဏ်ထဲကနေ ဝတ်ဖြူစင်ကြယ်နဲ့ အဘိုးအိုတစ်ယောက် တက်လာတာကို မြင်လိုက်ရတယ်။ အဘိုးအိုက အောင်မြတ်သာကို တွေ့တော့

"ဆရာလေး ကျုပ်ရဲ့ ပေါင်ထဲမှာ ထည့်ထားတဲ့ ကြောင်မျက်ရှင်ကို ယူမလား ကျုပ် လက်ဆောင်ပေးမယ်" လို့ ပြောတော့ အောင်မြတ်သာက

"ကျွန်တော်က ကြောင်မျက်ရှင်ကို ယူချင်လို့ ဒီကိုလာတာမှ မဟုတ်တာ၊ ကြောင်မျက်ရှင် ဆိုတာ ကျွန်တော့်အတွက် ကျောက်စရစ်ခဲ တစ်လုံးလောက်ပဲ သဘောထားတာပါ၊ ကျွန်တော် ဒီကိုလာတာ ဒီထက်ပိုပြီး တန်ဖိုးကြီးတဲ့ အရာကို လာရှာတာပါ၊ ကျွန်တော် လာရှာတာကလည်း ခုနစ်ရက်သားသမီးတွေ အတွက်ပါပဲ၊ ကိုယ်ကျိုးအတွက် လာရှာခြင်း မဟုတ်ပါ"လို့ ပြောတော့ အဘိုးအိုက

"ဒါဆို ဆရာလေးက ဘာလာရှာတာလဲ၊ ဆရာလေးတို့ တောထဲစဝင်ထဲက တောင်စောင့်နတ်ကြီးက ကျုပ်ကိုလာပြောလို့ ဆရာလေးတို့ နဲ့ လာတွေ့တာ" လို့ ပြောတော့ အောင်မြတ်သာက

"ကျွန်တော်တို့ လာရာတာက ဆင်းတုတော် တစ်ဆူကိုပါ၊ ဒီတောန က်ထဲက ဝါးလုံးခေါင်းထဲမှာ ကိန်းဝပ်စံပယ်နေတာ နှစ်ပေါင်းများ စွာရှိပြီဆိုလို့ ခုနစ်ရက်သားသမီးတွေ ပူဇော်လို့ ရအောင် လာရောက် ပ င့်ဆောင်ရခြင်း ဖြစ်ပါတယ်၊ အဖိုးအနေနဲ့ ကျွန်တော်တို့ ကို ကူညီပေး စေလိုပါတယ်" လို့ ပြောတော့မှ အဘိုးအိုက

"ကျုပ်က ဒီတော ဒီတောင်ထဲက ကိစ္စတွေကို တော်ရုံ ဝင်ပါလေ့မရှိ ဘူး အခုတော့ ဆရာလေးတို့ အကူအညီတောင်းလို့ ကူညီပေးပါမယ်၊ လောလောဆယ် ဒီဆေးလုံးလေး နှစ်လုံးကို ဆရာလေး တပည့်တွေကို ကျွေးလိုက်ပါဦး" ဆိုပြီး အိတ်ကပ်ထဲက ဆေးအနီလေးနှစ်လုံးကို ထုတ် ပေးလိုက်တယ်။

အောင်မြတ်သာလည်း ဆေးနှစ်လုံးကိုယူပြီး သက်ခိုင်နဲ့ တောက်ရ ကို စားခိုင်းလိုက်တယ်။ သက်ခိုင်တို့ လည်း ဆေးနှစ်လုံးကိုယူပြီး တစ် ယောက်တစ်လုံး စားချလိုက်တယ်။ ဆေးလုံးကို စားပြီးတာနဲ့ အဘိုးအို က

"ဒီဆေးတွေက ကျုပ်ကိုယ်တိုင် ဖော်စပ်ထားတာ လူလေးတို့ က ရေ စက်ရှိလို့ စားရတာ၊ စားကြ စားကြ၊ စားပြီးရင် ဆင်းတုတော်ရှိရာ ဆ က်သွားဖို့ ကျုပ် လမ်းညွှန်ပေးမယ်" လို့ ပြောတော့ အောင်မြတ်သာက

"အဘိုးရဲ့ နာမည် သိခွင့်ရမလား" လို့ မေးလိုက်တဲ့ အခါ အဘိုးအိုက "ကျုပ်နာမည်က မဟာသိဒ္ဓိဝိဇ္ဇာထိုရ်လို့ ခေါ်တယ်၊ ဒီတောထဲမှာ နေလာ တာ နှစ်ပေါင်း တစ်ထောင်ကျော်ပြီ၊ နောင်ပွင့်မဲ့ဘုရားကိုဖူးဖို့ စောင့်နေ တာ၊ ဆရာလေးတို့ လာပင့်တဲ့ ဆင်းတုတော်က အရမ်းတန်ခိုးကြီးတယ်၊ ဘွဲ့တော်က လေးကျွန်းဘုရားလို့ ခေါ်တယ်၊ ဆင်းတုတော်ကို တော်ရုံလူ မမြင်ရအောင် နတ်သိကြားတွေက ဒီတောထဲမှာ ဝှက်ထားကြတာ၊ ဆ

ရာလေးတို့ သွားပင့်တဲ့ အခါ တောစောင့်၊ တောင်စောင့်နတ်ကြီးတွေရဲ့ ပညာစမ်းခြင်းကိုလည်း ခံကြရဦးမှာ ၊ ကျုပ်ကတော့ ဆရာလေးတို့ ကို ယုံကြည်ပြီးသားမို့လို့ ဆင်းတုတော်ကို လာပင့်ဖို့ ဖိတ်ခဲ့တာပဲ" လို့ ပြောတော့မှ သက်ခိုင်က

"ဒါဆို အဘိုးက ကျွန်တော်တို့ ကို ဒီကိုလာဖို့ စာရွက်ခေါက်လေး လာပေးတဲ့ အဘိုးလား" လို့ မေးလိုက်တော့ အဘိုးအိုက ရီပြီး

"ဟုတ်တာပေ့ါကွယ် လူလေးတို့ လာမယ်ဆိုတာ ကျုပ်တစ်ယောက်ပဲ သိတာလေ၊ ဒါကြောင့် လူလေးတို့ ကို လာတွေ့တာပေ့ါ" လို့ ပြောတော့ အောင်မြတ်သာက

"ဒါဆိုလည်း ကျွန်တော်တို့ ဘယ်ကိုခရီးဆက်ရမလဲ ဆိုတာ လမ်းညွှန်ပါဦး" ဆိုပြီး ပြောလိုက်တယ်။

အောင်မြတ်သာရဲ့ စကားအဆုံးမှာ အဘိုးအိုက

"ဆရာလေးတို့ ဒီဝါးရုံတောလမ်းအတိုင်း ဆက်သွားရင် ကညင်ညီနောင်နှစ်ပင်ကို တွေ့လိမ့်မယ်၊ ကညင်ညီနောင်နှစ်ပင်မှာ သိန်ဘီလူးနဲ့ သိက္ခဘီလူးညီနောင် နေတယ်၊ သူတို့ နဲ့ တွေ့ရင် ဆရာလေးတို့ ဘယ်ကို ဆက်သွားရမလဲ ဆိုတာ သိလာလိမ့်မယ်၊ ကျုပ်လိုက် မပို့တော့ဘူးနော်၊ ဆေးကြိတ်စရာလေး ရှိသေးလို့ ပြန်လိုက်ဦးမယ်" လို့ ပြောပြီး လာရာလမ်းအတိုင်း ပြန်ဆင်းသွားခဲ့တယ်။

အောင်မြတ်သာတို့ လည်း အဘိုးအိုပြောတဲ့ အတိုင်း ဝါးရုံတောဘေးက လမ်းလေးအတိုင်း ဆက်လျှောက်လာခဲ့တာ တောက တဖြည်းဖြည်း နက်သထက် နက်လာခဲ့တယ်။ တောကောင်တွေ အော်မြည်သံကလွဲပြီး တောတစ်ခုလုံး တိတ်ဆိတ်လို့ နေတယ်။ အောင်မြတ်သာတို့ ဆရာတပည့်တွေလည်း တစ်လမ်းလုံး မေတ္တာပို့ပြီး ဆက်လျှောက်လာခဲ့တာ ခပ်လှ

မ်းလှမ်းမှာ ကညင်ပင်နှစ်ပင်ကို တွေ့လိုက်ရတယ်။

ကညင်ပင်ကို တွေ့တော့ သက်ခိုင်က

"ဆရာ အဘိုးပြောတာ ဒီအပင်ပဲဖြစ်မယ် ကျွန်တော်တို့ ဒီအပင်အောက်ကို သွားကြည့်ရင် ကောင်းမယ်" လို့ ပြောတော့ အောင်မြတ်သာက

"ကညင်ပင်ကို ရောက်ပြီဆိုတော့ သတိထားကြ" လို့ ပြောပြီး ကညင်ပင်ရဲ့ အရိပ်ထဲကို ဝင်လာခဲ့လိုက်တယ်။

အောင်မြတ်သာတို့ ကညင်ပင်အောက်လည်း ရောက်ရော